Burmese

ယခုအခါ ပိုမိုကောင်းမွန်သောစနစ်နှင့်
မိသားစုအကြမ်းဖက်မှုဆိုင်ရာ ဥပဒေသစ်များဖြင့်
ပြောရန်ပို၍လွယ်ကူလာသည်မှာ

# “တော်လောက်ပြီ”

## မိသားစုအတွင်း အကြမ်းဖက်မှု။ ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းအတွင်း တော်လောက်ပြီ။

ဗစ်တိုးရီးယားအစိုးရ (Victorian Government) အနေဖြင့် ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းကို မိသားစုအတွင်း အကြမ်းဖက်မှုမှ ပိုမိုကာကွယ်နိုင်ရန်နှင့် အပြစ်ကျူးလွန်သူများကို ၄င်းတို့၏လုပ်ရပ်များအတွက် ပိုမိုတာဝန်ခံခိုင်းနိုင်စေရန်အတွက် ဥပဒေသစ်များကိုပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေသစ်များတွင် မိသားစုအတွင်း အကြမ်းဖက်မှုမျိုးစုံနှင့် မိသားစုအသွင်သဏ္ဍာန်များစွာ၊ မိသားစုသဖွယ်ဆက်ဆံရေးများစွာတို့ အကျုံးဝင်သည်။

အကယ်၍ သင် သို့မဟုတ် သင်သိသူတစ်ယောက်အနေဖြင့် မိသားစုအတွင်း မည်သည့် အကြမ်းဖက်မှုမျိုးမဆို ကြုံတွေ့နေပါက “တော်လောက်ပြီ” ဟူသော စကားကို ပြောရန် ယခုအခါ ပို၍လွယ်ကူလာသည်။

### မိသားစုအတွင်းအကြမ်းဖက်မှု ဟူသည်မှာ အဘယ်နည်း။

မိသားစုအတွင်းအကြမ်းဖက်မှု ဟူသည်မှာ တစ်စုံတစ်ယောက်အနေဖြင့် မိသားစုဝင်တစ်ဦးကို ခြိမ်းခြောက်ခြင်း သို့မဟုတ် အကြောက်တရားဖြင့် ထိန်းချုပ်ထားခြင်းကြောင့် ပေါ်ပေါက်လာသော အန္တရာယ်အပြုအမူဖြစ်သည်။ ယင်းသည် ရုပ်ပိုင်းဆိုင်ရာထိခိုက်မှု၊ လိင်အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာနှင့် စီးပွားရေးဆိုင်ရာ မတရားပြုမူခြင်းတို့နှင့်သက်ဆိုင်ပြီး၊ ပါဝင်နိုင်သည့်အရာများမှာ

- ငွေကြေးအထောက်အပံ့အပေါ် မှီခိုနေသူကို စားဝတ်နေရေးအတွက် လိုအပ်သော ငွေကြေးကိုမပေးဘဲထားခြင်းဖြင့် မတရားထိန်းချုပ်ခြင်း
- အခြားမိသားစုဝင်တစ်ဦး သို့မဟုတ် အိမ်မွေးတိရစ္ဆာန်ကို အန္တရာယ်ပြုမည်ဟု ခြိမ်းခြောက်ခြင်း
- စိတ်ပိုင်းဆိုင်ရာထိခိုက်မှုဖြစ်စေသော လူမျိုးရေးခွဲခြားသည့် ထိကပါးရိကပါးစကားများပြောခြင်း
- ပူပင်သောကရောက်အောင် အခြားသောမိသားစုဝင်များ သို့မဟုတ် သူငယ်ချင်းများနှင့် ထိတွေ့မှုကို ပိတ်ပင်ခြင်း

### ဥပဒေသစ်များတွင် မည်သည့်ဆက်ဆံရေးအသွင်သဏ္ဍာန်များ အကျုံးဝင်သနည်း။

ဥပဒေသစ်များက မိသားစုအတွင်းအကြမ်းဖက်မှုဟူသည်ကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ မိသားစုအသွင်သဏ္ဍာန်များစွာ၊ မိသားစုသဖွယ်ဆက်ဆံရေးများစွာတို့အကျုံးဝင်ကာ ပါဝင်သည်များမှာ

- လက်ထပ်ပြီးဇနီးမောင်နှံများ
- Civil Unions အရနေထိုင်သူစုံတွဲများ
- တရားဝင်လက်မထပ်ရသေးသော မောင်နှံစုံတွဲများ (de facto couples)
- လိင်တူဆက်ဆံရေးရှိသူများ (gay and lesbian relationships)
- မိဘနှင့်သားသမီးများ
- ဆွေမျိုးများ
- မိသားစုသဖွယ်ဆက်ဆံရေးရှိသည့် မသန်မစွမ်းသူများနှင့် ၄င်းတို့ကိုစောင့်ရှောက်သူများ

## အမျိုးသမီးငါးယောက်တွင် တစ်ယောက်မှာ မိသားစုအတွင်း အကြမ်းဖက်မှုဒဏ် ခံစားရသည်။

### မိသားစုအတွင်းအကြမ်းဖက်မှုကာကွယ်ရေးအက်ဥပဒေ ၂၀၀၈ ဆိုသည်မှာ မည်သည်နည်း။

မိသားစုအတွင်းအကြမ်းဖက်မှုကာကွယ်ရေးအက်ဥပဒေ ၂၀၀၈ က ဥပဒေသစ်များကိုပြဋ္ဌာန်းလိုက်ပြီး ယင်းတို့သည် ၂၀၀၈ ခုနှစ် ဒီဇင်ဘာလတွင် စတင်သက်ဝင်လာသည်။ ဥပဒေသစ်များက ရည်ရွယ်သည်မှာ

- ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းကို မိသားစုအတွင်းအကြမ်းဖက်မှုမှ လုံခြုံအောင်ကာကွယ်ရန်
- မိသားစုအတွင်းအကြမ်းဖက်သူများကို ၄င်းတို့၏လုပ်ရပ်များအတွက် ပိုမိုတာဝန်ခံခိုင်းနိုင်စေရန်
- ကျွန်ုပ်တို့ လူ့အဖွဲ့အစည်း၌ မိသားစုအတွင်းအကြမ်းဖက်မှုများ လျှော့ချရန် တို့ဖြစ်သည်။

### ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းအတွက် ဤဥပဒေသစ်များက မည်သို့အဓိပ္ပာယ်ရှိသနည်း။

မိသားစုအတွင်းအကြမ်းဖက်မှုကာကွယ်ရေးအက်ဥပဒေ ၂၀၀၈ သည်

- မိသားစုအတွင်းအကြမ်းဖက်မှုဟူသောစကား၏ အဓိပ္ပာယ်ကို ပိုမိုကျယ်ပြန့်သွားစေပြီး အခြားကြိုးကိုင်ခြိမ်းခြောက်သော အပြုအမူများသာမက စီးပွားရေးဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ မတရားပြုမူခြင်းတို့ကိုပါ ပါဝင်လာစေမည်။
- မိသားစုအတွင်းအကြမ်းဖက်မှုကို ပိုမိုလျင်မြန်စွာနှင့် ထိရောက်စွာ တုံ့ပြန်နိုင်ရန် ရဲအရာရှိများကို အာဏာပို၍ ပေးလိမ့်မည်။
- မိသားစုအတွင်းအကြမ်းဖက်မှုခံရသူများကို ဆန္ဒရှိက ၄င်းတို့အိမ်တွင်ဆက်လက်နေထိုင်နိုင်ရန်အတွက် အိမ်ငှားအစီအစဉ်များ ညှိနှိုင်းရန် ပိုမိုလွယ်ကူလာစေလိမ့်မည်။
- အကြမ်းဖက်မှုဒဏ် ခံစားရသူများအနေဖြင့် သက်ဆိုင်ရာသို့သတင်းပို့မှု ပိုမိုလာစေရန် အားပေးသည့်အနေဖြင့် တရားရုံးစနစ်ကို (အကြမ်းဖက်သူများက အကြမ်းဖက်ခံရသူများအား ပြန်လှန်စစ်မေးခြင်းကို ကန့်သတ်ခြင်းအပါအဝင်) ပိုမိုကောင်းမွန်လာစေလိမ့်မည်။

- အားနည်းသော ဗစ်တိုးရီးယားပြည်သူတို့ကို ပိုမိုကောင်းမွန်သော အကာအကွယ်ပေးမည်။

## မိသားစုအတွင်းအကြမ်းဖက်မှုကို မည်သည့်အခါမှ လက်မခံနိုင်ပေ။

### မိသားစုအတွင်းအကြမ်းဖက်မှုက ဗစ်တိုးရီးယားပြည်သူတို့ကို မည်သို့ထိခိုက်စေသနည်း။

မိသားစုအတွင်းအကြမ်းဖက်မှုသည် အကြမ်းဖက်မှုဒဏ် ခံစားရသူများနှင့် ကျယ်ပြန့်သော လူ့အဖွဲ့အစည်းအပေါ် အလွန်ဆိုးရွားသော အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်စေသည်။ မည်သူမဆို အကြမ်းဖက်သူ သို့မဟုတ် အကြမ်းဖက်ခံရသူ ဖြစ်နိုင်သော်လည်း မိသားစုအတွင်းအကြမ်းဖက်မှုအများစုတွင် အမျိုးသားများက အမျိုးသမီးများ၊ ကလေးများနှင့် အခြားအားနည်းသူများအပေါ် ကျူးလွန်သည်က များသည်။ မိသားစုအတွင်းအကြမ်းဖက်မှုသည်

- ကျွန်ုပ်တို့ လူ့အဖွဲ့အစည်းအတွင်းရှိ အသက် ၁၅ နှစ်နှင့် ၄၄ နှစ်ကြားရှိ အမျိုးသမီးများ သေဆုံးမှု၊ မသန်မစွမ်းမှုနှင့် ဖျားနာမှုတို့ကို အဓိကဖြစ်စေသည့် အကြောင်းရင်းဖြစ်ပြီး အမျိုးသမီးငါးယောက်တွင် တစ်ယောက်မှာ မိသားစုအတွင်း အကြမ်းဖက်မှုဒဏ် ခံစားရသည်။
- ၅၂ ရာခိုင်နှုန်းသော အထောက်အထားခိုင်လုံသည့် ကလေးစောင့်ရှောက်ရေးအမှုများ အတွက်တာဝန်ရှိသည်။ မိသားစုအတွင်းအကြမ်းဖက်မှုကို မျက်မြင်တွေ့သော ကလေးများအနေဖြင့် ကြောက်ရွံ့ကာ ဘာသိဘာသာနေခြင်း၊ ကျောင်းတွင် စွမ်းဆောင်မှုနိမ့်ကျခြင်း၊ လူမှုဆက်ဆံရေးတွင် အခက်အခဲများဖြစ်ခြင်းနှင့် အခြားသောဖွံ့ဖြိုးမှုဆိုင်ရာ ထိခိုက်မှုများကို ကြုံတွေ့ရနိုင်သည်။

### ဗစ်တိုးရီးယားအစိုးရအနေဖြင့် မိသားစုအတွင်းအကြမ်းဖက်မှုကိုဖြေရှင်းရန် အခြားမည်သည်တို့ကို ဆောင်ရွက်နေသနည်း။

ဗစ်တိုးရီးယားအစိုးရအနေဖြင့် မိသားစုအတွင်းအကြမ်းဖက်မှုကိုဖြေရှင်းရန် ၂၀၀၅ ခုနှစ်မှစ၍ ဒေါ်လာ ၇၅ သန်းကျော်ကို ရင်းနှီးခဲ့ပြီး ပါဝင်သည့်အရာများမှာ

- လူ့အပြုအမူပြောင်းလဲရေး အစီအစဉ်များအတွက် ရန်ပုံငွေထောက်ပံ့ခြင်း
- မိသားစုအတွင်းအကြမ်းဖက်သည့် အခြေအနေများတွင် ပိုမိုထိရောက်စွာ တုံ့ပြန်နိုင်ရန် ရဲအရာရှိများကို အရင်းအမြစ်များနှင့် အထူးသင်တန်းများ ပိုမိုပေးခြင်း
- အကြမ်းဖက်ခံရသူများကို ပိုမိုပံ့ပိုးနိုင်ရန် မိသားစုအတွင်းအကြမ်းဖက်မှုနှင့်သက်ဆိုင်သည့် အထူးအဖွဲ့ဝင်များကို မြို့နယ်တရားရုံး (Magistrates' Court) အများအပြားတွင် ထားပေးခြင်း

## အကူအညီရရှိနိုင်ပါသည်။

### အကူအညီ သို့မဟုတ် သတင်းအချက်အလက်ပိုမို ရရှိရန်အတွက် မည်သို့သွားရမည်နည်း။

အကယ်၍ သင် သို့မဟုတ် သင်သိသူတစ်ယောက်အနေဖြင့် မိသားစုအတွင်း အကြမ်းဖက်မှုကို ကြုံတွေ့နေပါက သင့်ကိုအကူအညီပေးနိုင်သည့် အခမဲ့ဝန်ဆောင်မှုနှင့် အထောက်အပံ့များရှိသည်။

**လူ့အဖွဲ့အစည်းအတွင်းရှိ မိသားစုအတွင်းအကြမ်းဖက်မှုခံရသူများ အတွက်**
(ဘာသာစကားနှစ်မျိုးပြောနိုင်သူဝန်ထမ်းများ သို့မဟုတ် စကားပြန် အလိုရှိက တောင်းခံနိုင်သည်)

Immigrants Women's Domestic Violence Service 1800 755 988

**မိသားစုအတွင်းအကြမ်းဖက်မှုခံရသူ အမျိုးသမီးများနှင့် ကလေးများ** (စကားပြန်အလိုရှိက တောင်းခံနိုင်သည်)

Women's Domestic Violence Crisis Service 1800 015 188

**မိသားစုဝင်များအပေါ် မိမိတို့၏ အကြမ်းဖက်မှုနှင့် မတရားပြုမှုတို့ကို ချုပ်ငြိမ်းစေလိုသူ အမျိုးသားများ**
(စကားပြန်အလိုရှိက တောင်းခံနိုင်သည်)

Men's Referral Service 1800 065 973

**The Victims of Crime Helpline** (စကားပြန်အလိုရှိက တောင်းခံနိုင်သည်)

မိသားစုအတွင်း အကြမ်းဖက်ခံရသူများအားလုံးကို သတင်းအချက်အလက်၊ အကြံဉာဏ်နှင့် အဆက်အသွယ်များ ပေးနိုင်သည်။ 1800 819 817
(တနင်္လာနေ့ မှ သောကြာနေ့ထိ နံနက် ၈ နာရီမှ ည ၁၁ နာရီ ထိ)

**အရေးပေါ်ကိစ္စအတွက် အကူအညီလိုက 000 သို့ အမြန်ဆက်သွယ်ပါ။**

## လူတိုင်းလူတိုင်း မိမိအိမ်တွင် လုံခြုံစွာနေရသည့်ခံစားချက် ရပိုင်ခွင့်ရှိသည်။